ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်၊ နံပတ် (၁၂၈)

နေ့စွဲ – ၇.၁၀. ၂၀၁၂

**<u>သမိုင်းကဏ္ဍ</u>**

## ပက်ထရစ် – အိုင်ယာတိုင်းပြည်သို့သွားသော သာသနာပြုဆရာ

(Patrick - Missionary to Ireland)

**နိဒါန်း**

ကျွန်တော်တို့၏ သခင်ဘုရားက သူ ကောင်းကင်ဘုံသို့ ဆက်မသွားခင်လေးတွင် အသင်းတော်ကို သူ၏တာဝန်အား အပ်နှင်းခဲ့ပါသည်။ သူက သူ့တပည့်များကို ဤသို့ပြောခဲ့သည်၊ “ထိုသို့မဂျသိေသာ္လည္း၊ သင္တို႔အေပၚသို႔ သန္႔ရွင္းေသာဝိညာဥ္ေတာ္ ဆင္းသက္ ေသာအခါ၊ သင္တို႔သည္တန္ခိုးကိုခံရ၍၊ ေယရု႐ွလင္ၿမိဳ႕မွစေသာ ယုဒျပည္၊ ႐ွမာရိျပည္၊ ေျမႀကီးစြန္းတိုင္ေအာင္ ငါ့၏သက္ေသျဖစ္ၾကလိမ့္မည္ဟု မိန္႔ ေတာ္မူ၏။” **(တမန် ၁း၈)**

ခရစ်တော်၏အသင်းတော်၏ အစပျိုးသမိုင်းသည် စိတ်လှုပ်ရှားစရာကောင်းသော၊ လှုပ်ရှားနေသော ၄င်း၏ သာသနာပြုခြင်းခရီးစဉ်များ၏ သမိုင်းဖြစ်နေပါသည်။ ကျမ်းစာကိုယ်၌က ဧဝံဂေလိတရားသည် ဂျူဒီးယား(ယုဒ)ပြည်နယ်၊ စမားရီးယားပြည်နယ်နှင့် မြေထဲပင်လယ်ဒေသတခွင်သို့ မည်သို့ ပျံ့နှံ့ခဲ့ကြောင်း ကျွန်တော်တို့အတွက် မှတ်တမ်းတင်ပေးပါသည်။ ရလဒ်မှာ ရောမ အင်ပါယာကြီး၏နေရာအနှံ့တွင် အသင်းတော်များ တည်ရှိလာခြင်းဖြစ်ပါသည်။ အစပျိုးအသင်းတော်၏ နှစ်အလိုက်မှတ်တမ်းအရ မြေထဲပင်လယ်တဝိုက်အလွန်၊ မှောင်နေဆဲ(ရိုင်းစိုင်းနေဆဲ)ဖြစ်သောဥရောပသို့ ဘုရားသခင့်နှုတ်ကပတ်တော်ကို သယ်ဆောင်ကာ သွားရောက်ခဲ့ကြသည့် သတ္တိနှင့်ပြည့်စုံကြသော သာသနာပြုဆရာများအကြောင်းကို သိကြရပါသည်။ သူတို့သည် ထိုအချိန်ဥရောပသို့ ဝင်ရောက်အခြေချလာကြသော လူရိုင်းမျိုးနွယ်စု အများအပြားထံသို့ ဧဝံဂေလိတရား ဟောကြားခဲ့ကြပါသည်။

အသင်းတော်၏လုပ်ဆောင်မှုကြောင့် ဥရောပတတိုက်လုံး ခရစ်ယာန်ဖြစ်ခဲ့ကြပါသည်။ ထိုသို့ဖြင့် ဥရောပသည် မှောင်မဲနေသော ရုပ်တုဆင်းတုကိုးကွယ်ခြင်းဘာဝမှ ခေတ်သစ်ခရစ်ယာန်ဘာသာ၏ မူလဘူတ အစပျိုးရာအရပ်ဖြစ်လာခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ခဲ့ခြင်းသည် ရာစုနှစ်များစွာ ကြာခဲ့သော်လည်း၊ အစပျိုးလုပ်ရပ်မှာ သိမ်ငယ်စွာစတင်ခဲ့ခြင်းဖြစ်ပါသည်။ ဧဝံဂေလိတရားအတွက်ဆိုလျှင် ဘာမဆိုကို စွန့်လွှတ်ဝန့်ကြသော လူအနည်းစုကလေး၏ လုပ်ကိုင်ခြင်းဖြင့်သာ စတင်ခဲ့ခြင်းဖြစ်ပါသည်။

ပက်ထရစ်သည် ထိုကဲ့သို့သောသူများထဲမှ တဦးဖြစ်သည်၊ အိုင်ယာလန်တိုင်းပြည်သို့ သွားရောက်ခဲ့ပါသည်။

**ငယ်စဉ်ဘဝ**

ပက်ထရစ်အကြောင်း ကျွန်တော်တို့ အများကြီးမသိကြရပါ၊ အမှန်ပြောရလျှင် သူ၏လုပ်ဆောင်မှုများနှင့်ပတ်သက်၍၊ နောက်ပိုင်းတွင် ဒဏ္ဍာရီပုံပြင်မြောက်များစွာ ထွက်ပေါ်ခဲ့ပါသည်။ အသေချာဆုံးအကြောင်းအရာများကို သူကိုယ်တိုင်ရေးခဲ့သော “ဝန်ခံချက်များ”ဆိုသည့်စာအုပ်တွင်သာ တွေ့နိုင်ပါမည်။ သူသည် ဗြိတိန်နိုင်ငံတွင် အေဒီ ၃၈၉ တွင်မွေးဖွားခဲ့သည်။ မည်သည့်နေ ရာတွင် အတိအကျမွေးကြောင်း ဘာမှမသိရတော့ပါ။ သူသည် ဗြိတိန်နိုင်ငံ၏ အနောက်ပက်ဆိပ်ကမ်း၊ ရွာသိမ်ရွာငယ်ကလေးတခု တွင် ဖွားမြင်ခဲ့ပါသည်။ အိုင်ယာလန်နိုင်ငံနှင့် အိုင်းရစ်ရှ်ရေလက်ကြားသာ ခြားသောနေရာဖြစ်သည်။

ပက်ထရစ်မွေးဖွားချိန်တွင် ခရစ်ယာန်ဘာသာသည် ဗြိန်တိန်နိုင်ငံသို့ ရောက်လာခဲ့ပြီးဖြစ်သည်။ ဖြစ်နိုင်သည်မှာ ရောမ အင်ပါယာစစ်တပ်မှ ခရစ်ယာန်ဘာသာကိုးကွယ်သော စစ်သည်များအားဖြင့် ဖြစ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုခေတ်က ဗြိတိန်နိုင်ငံသည် ရောမအင်ပါယာ၏ တောင်ပက်စွန်းနယ်နိမိတ်ဖြစ်ပါသည်။ ရောမလူမျိုးတို့က ဗြိတိန်နိုင်ငံတောင်ပက်ဒေသများကို ခေတ်မှီလူနေမှုဘဝဖြင့် ကောင်းစွာတည်ထောင်ခဲ့ကြပြီးဖြစ်သည်။ ခရစ်ယာန်ဘာသာ ပြန့်ပွားလာခြင်းဖြင့် ဗြိတိန်နိုင်ငံသားအများသည်လည်း ခရစ်ယာန်များဖြစ်လာခဲ့ကြသည်။

ပက်ထရစ်က သူ၏ “ဝန်ခံချက်များ”ဆိုသောစာအုပ်တွင် သူ၏ဖခင် ကာလ်ပေါနပ်စ် သည် သင်းထောက်တဦးနှင့် ရွာ၏ တရားသူကြီး ဖြစ်သည်ဟု ပြောပြပါသည်။ သူ၏အဘိုးသည် ထိုဒေသအသင်းတော်၏သင်းအုပ်ဖြစ်ပါသည်။ သူသည် ငယ်စဉ်ကပင် ခရစ်ယာန်ဘာသာ၏သွန်သင်ခြင်းများကို လက်ခံရရှိခဲ့ပါသော်လည်း၊ ၄င်းတို့သည် မစို့မပို့သာဖြစ်ကြ၍၊ မကျေမနပ်ဖြစ်ခဲ့ရသည်ဟုလည်း ပြောပြခဲ့ပါသည်။ သူသည် ခရစ်ယာန်ဘာသာ၏အခြေခံသဘောတရားများကို သင်ယူခဲ့ရသော်လည်း၊ ဘုရားသခင်အား စစ်မှန်စွာ ယုံကြည်ခြင်းကမူ သူ့နှလုံးသားထဲတွင် နေရာမယူခဲ့သေးပါဟု ပြောပြခဲ့ပါသည်။

သူအသက်(၁၆)နှစ်ခန့်ရောက်သောအခါ၊ သူ့မိသားစုတွင် ဝမ်းနည်းဖွယ်အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပါသည်။ အိုင်းရစ်ရှ် ပင်လယ်ကိုဖြတ်ကာ မြင်းစီးလူရိုင်းများ သူတို့ရွာထဲ ဝင်တိုက်ကြပါသည်။ သူတို့သည် ရိုင်းစိုင်းသည်၊ စာမတတ်သော လူရိုင်းများဖြစ်ကြသည်။ ပက်ထရစ်တို့နေထိုင်ရာ ရွာများ မည်မျှဆင်းရဲဒုက္ခခံခဲ့ကြရမည်ကို ကျွန်တော်တို့ တွေးပင်မတွေးရဲကြပါ။ ထောင်ပေါင်းများစွာသော လူငယ်များ၊ ပက်ထရစ်အပါအဝင်၊ အဖမ်းခံကြရကာ၊ အိုင်ယာလန်တွင် ကျွန်အဖြစ် အရောင်းစား ခံခဲ့ကြရသည်။

ထိုသို့ ကျွန်ဘဝသို့ရောက်ရခြင်းသည် ခြောက်နှစ်ကြာခဲ့ပါသည်၊ သို့သော် ထိုအဖြစ်အပျက်သည် ဘုရားသခင်၏စောင့်ရှောက်စောင်မတော်မူခြင်းဖြင့် ပက်ထရစ်အတွက် အိုင်းရစ်ရှ်တို့အကြား ကြီးလှစွာသောသာသနာပြုခြင်းအမှုတော်အတွက် ကြိုတင်ပြင်ဆင်ခြင်းတမျိုး ဖြစ်လာခဲ့ပါသည်။ သူသည် လယ်သမားတဦးထံသို့ အရောင်းစားခံခဲ့ရသည်၊ ထိုသူက သူ့ကို တိရိစ္ဆာန်အုပ်များအား ကြည့်ရှုခိုင်းပါသည်။ ထိုသို့ ဆင်းရဲဒုက္ခခံရခြင်း၊ အထီးကျန်နေရခြင်းများကြားတွင် ပက်ထရစ် ပြောင်းလဲခဲ့ခြင်းဖြစ်သည်။ သူကိုယ်က ဤသို့ပြောပါသည်၊ "ငါ အိုင်ယာလန် ရောက်ပြီးနောက်၊ နေ့တိုင်း တိရိစ္ဆာန်များကို အစာကျွေးရပါသည်၊ နေ့တိုင်း အကြိမ်မြောက်များစွာ ငါ ဆုတောင်းပါသည်၊ ထိုအခါ ဘုရားသခင်ကိုချစ်ရခြင်းနှင့်ကြောက်ရွံ့ရှိသေရခြင်းတို့သည် ငါ့အထဲ ပို၍ ပို၍ တောက်လောင်လာခဲ့ပါသည်။ ငါ့ယုံကြည်ခြင်းနှင့် ငါ့ဝိညာဉ်သည် ပို၍သန်မာလာခဲ့သည်။ ထိုသို့ နေ့အခါတွင် ရာနှင့်ချီသော ဆုတောင်းခြင်းများပြုခဲ့သလို၊ ညများတွင်လည်း ဆုတောင်းနေခဲ့မိပါသည်။"

ထိုအချိန်များသည် အထီးကျန်ခြင်း၊ ပူဆွေးနေရခြင်းများနှင့်ပြည့်နေသလို၊ ဝေဒနာခံစားရခြင်းများနှင့်လည်း ပြည့်နေပါသည်။ ထိုအချိန်များက ပက်ထရစ်ကို အိုင်းရစ်ရှ်တို့၏ ဘာသာစကားအား တတ်မြောက်လာစေပါသည်။ ထို့အပြင် သူ့ကို အတင်းအကြပ်နေခိုင်းသော ထိုလူမျိုး၏ ရိုင်းစိုင်းရိုးစင်းမှု၊ ရုပ်တုကိုးကွယ်နေရမှုတို့ကို သနားလာစေပါသည်၊ ချစ်လာစေပါသည်။

ခြောက်နှစ်လွန်သော သူသည် သူ့သခင်ထံမှ ထွက်ပြေးလွတ်မြောက်ခဲ့ပါသည်။ အန္တရယ်များလှသော ကုန်းလမ်း ပင်လယ်လမ်းတို့ကို ဖြတ်သန်းလျှက် နောက်ဆုံးတွင် ဗြိတိန်သို့ ဘေးကင်းစွာပြန်ရောက်လေသည်။ ထိုသို့ ကျွန်ဘဝရောက်ရခြင်းအချိန်ကို သူ၏ပညာသင်ခြင်းအား အဆက်ပြတ်သွားစေခြင်းဟု ပြောလေ့ရှိပါသည်။ ယခုအခါ သူသည် ဖွဲ့နှင့် ဆက်လက်သင်ယူပါတော့သည်။

## သာသနာပြုခြင်း

ပက်ထရစ်သည် သူထွက်ပြေးလာခဲ့သော အိုင်းရစ်ရှ်တို့အကြောင်း မတွေးဘဲမနေနိုင်အောင် ဖြစ်နေခဲ့ပါသည်။ သူသည် ကျွန်ဘဝဖြင့်နေခဲ့ရသော အိုင်ယာလန်နိုင်ငံကို လူတဦးသွားရောက်နိုင်သော အနောက်ဖက်အဝေးဆုံးကျသည့်နေရာဟု ထင်မှတ်ထားပါသည်။ 'ခရိုတီးယပ်စ်'ဆိုသူထံပို့သောစာတွင် သူက "သူသည် ကမ္ဘာအဆုံးထိ ဧဝံဂေလိတရားကိုဟောကြားမည့်သူအဖြစ် သတ်မှတ်ခွဲခန့်ထားခြင်း ခံရသူ"ဟု ကြေညာပြောကြားခဲ့ပါသည်။ "ဘုရားသခင်က အဝေးဆုံးနေရာတွင် ဝယ်ယူထားသူများကို" သူ ဘယ်တော့မှ စွန့်မသွားပါဟု ကတိပြုပါသည်။ ရှင်မဿဲခရစ်ဝင် ၂၈း၁၉–၂၀ ကိုညည်ညွှန်းလျှက်၊ "သူ၏အလုပ်သည် တမန်တော်များကစတင်လုပ်ခဲ့သောအလုပ်ကို အထွတ်အထိပ်သို့ရောက်ရန် လုပ်ဆောင်ပေးခြင်းဖြစ်သည်၊"ဟု သိမြင်လာပါသည်။ ဘုရားသခင်ကို ကျေးဇူးတင်လျှက်၊ 'ဤနောက်ဆုံးသောနေ့များတွင်' ကမ္ဘာစွန်းအထိ ဧဝံဂေလိတရား မရောက်သည့်နေရာမရှိအောင် ဟောကြားမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

အိုင်းရစ်ရှ်တို့ထံ ဧဝံဂေလိဟောကြားရန်သည် ပက်ထရစ်အတွက် တောက်လောင်နေသောဆန္ဒဖြစ်ပါသည်။ ထိုသို့ဖြစ်ရခြင်းသည် သူမြင်တွေ့ခဲ့သော အိမ်မက်တခုကြောင့် ဖြစ်နိုင်ပါသည်။ ထိုအိမ်မက်တွင် သူ့ကို လူတဦးက စာစောင်များကို အပ်နှင်းလျှက် "သန့်ရှင်းလှသော သူငယ်၊ ငါတို့ထံသို့ တခါပြန်လာလှည့်ပါ၊ ငါ့တို့ကြားတွင် ပြန်လည်လျှောက်လှမ်းလှဲ့ပါ"ဟု တောင်းပန်ပါသည်။ ၎င်းကို ပက်ထရစ်က ဘုရားသခင်၏ခေါ်တော်မူခြင်းဟု မှတ်ထားလိုက်ပါသည်။

ထိုသို့ဖြင့် ပက်ထရစ်သည် အသင်းတော်၏အမှုတော်ဆောင်ခြင်းသို့ ဝင်ရောက်ခဲ့ပါသည်။ ထို့နောက် လက်တင်မင်္ဂလာကို ခံရကာ၊ အေဒီ ၄၃၂ တွင် အိုင်ယာလန်နိုင်ငံ၏တမန်တော်အဖြစ် ခန့်အပ်ခြင်းခံရပါသည်။ နောက်နှစ်ပေါင်း(၃၀) သူသည် သူ့ကို ကျွန်အဖြစ်ဖမ်းခေါ်သောတိုင်းပြည်တွင် အမှုတော်ဆောင်ခဲ့ပါသည်။ အိုင်ယာလန်ကို သူက ဤသို့ပြောပါသည် "ရောမယဉ်ကျေးမှု မထိခဲ့သောအရပ်၊ ထို့ကြောင့် သူ၏ဇာတိ ဗြိတိသျှလူမှုအဖွဲ့အစည်းကဲ့သို့ စနစ်တကျမဖြစ်သောအရပ်ဖြစ်သည်၊ အိုင်းရစ်ရှ်တို့တွင် မြို့များ မရှိပါ။ သူတို့၏အခြေခံလူမှုဘဝသည် မျိုးနွယ်စုဖြစ်သည်၊ (သို့) ဆွေမျိုးစုတစု ဖြစ်သည်။ သူတို့သည် တိရိစ္ဆာန်များကို အုပ်လိုက်မွေးမြူကြသည်၊ သစ်လုံးအိမ် ရွံ့စေးကျံထားသောထရံမျိုးဖြင့် နေထိုင်ကြသည်။ ထိုသို့သောအိမ်များစုလျှက် စစ်ဖြစ်ကြသည့်အခါ၊ အငိုက်ဖမ်းတိုက်ခိုက်ခံကြရသည့်အခါ ခံတပ်သဖွယ်ပြင် ဆင်ကြသည်။ အများအားဖြင့် သစ်အိမ်များသာဖြစ်သည်။ သူတို့ဘဝများသည် အယူသည်းခြင်းများဖြင့် ပြည့်နေပါသည်။ ဒရွိုင့်နတ်ဆရာများက စုန်းကဝေအတတ်များဖြင့် အုပ်စိုးထားကြသည်၊ ၎င်းတို့သည် ခရစ်ယာန်ဘာသာအတွက် အဓိကအတိုက်အခံများဖြစ်လာကြသည်။"

ထိုသူတို့ကြားထဲ သာသနာပြုရခြင်းသည် အလွန်ခက်ပါသည်၊ အန္တရယ်များခက်ခဲမှုများနှင့် ပြည့်နေပါသည်။ ပက်ထရစ်၏ ရန်သူများကား ပေါများလှသည့်အပြင်၊ အားလုံးသည် အကြွင်းမဲ့ ရုပ်တုများသာကိုးကွယ်သူဖြစ်ကြသည်။ သို့သော် ဘုရားသခင်က ထိုအလုပ်ကို ကောင်းချီးပေးဖို့ သဘောကျတော်မူပါသည်။ ထို့ကြောင့် ထောင်ချီ၍ ယုံကြည်လာခဲ့ကြပါသည်။ သူ အဓိကလုပ်ကိုင်သည်မှာ မြောက်ပိုင်းအိုင်ယာလန်တွင်ဖြစ်သည်၊ ထိုအပိုင်းကို ယနေ့တွင် အာလ်စတာဒေသဟု ခေါ်ပါသည်။ သူ၏လုပ်ကိုင်ခြင်းဗဟိုနေရာမှာ အာမက်ခ်ဒေသဖြစ်သည်၊ ထိုနေရာမှ ဧဝံဂေလိပျံ့နှံ့ခြင်းဖြစ်သည်။

သူ၏ 'ဝန်ခံခြင်းများ'စာအုပ်တွင် ပက်ထရစ်က ဤသို့ ရေးခဲ့ပါသည်၊ "ငါသည် ဘုရားသခင်ထံ အကြွေးတင်သူဖြစ်သည်၊ သူသည် သူ၏ကျေးဇူးတော်များကို ငါ့ထံ အလွန်ကျယ်ပြန့်စွာပေးတော်မူသည်၊ ထိုသို့ဖြင့် များပြားလှသောလူထုကြီးသည် ငါ့အားဖြင့် ဘုရားသခင်ထံ ဒုတိယအကြိမ်မွေးဖွားခဲ့ကြသည်။ ဘုရားသခင့်အကြောင်း ဘယ်တုန်းကမှ အသိပညာမရှိကြသော၊ ရုပ်တုများကိုသာ မသန့်ရှင်းသည်များကိုသာ ကိုးကွယ်တတ်ကြသော၊ အိုင်းရစ်ရှ်များသည် နောက်ဆုံးတွင် ဘုရားသခင့်လူများ ဖြစ်လာခဲ့ကြပြီ၊ ဘုရားသခင့်သားများဟု အခေါ်ခံကြရပြီဖြစ်သည်။"

သံသယဖြစ်စရာမရှိစွာ ပက်ထရစ်၏အမှုတော်ဆောင်ခြင်းကို ဘုရားသခင်က ကြွယ်ဝစွာကောင်းချီးပေးပါသည်။ သို့သော် များပြားလှသောထူးဆန်းသည့်ဓလေ့ထုံးစံများနှင့် ဒဏ္ဍာရီဇတ်လမ်းများလည်း သူ့ဘဝဇာတ်ကြောင်းနှင့်အတူ ရှုတ်ထွေးပါဝင်လာခဲ့ပါသည်။ သူ့အားဖြင့် အိုင်းရစ်ရှ်မျိုးနွယ်စု ခေါင်းဆောင်များနှင့် ကဗျာဆရာများအားလုံး ပြောင်းလဲကြသည်ဟုလည်း ပြောတတ်ကြပါသည်။ သူက အသင်းတော်ပေါင်း ၃၆၅ မှ ၇၀၀ ကြားတည်ထောင်ခဲ့ကာ၊ သင်းအုပ်များ ၃၀၀၀ ကျော်ခန့် ထားရှိခဲ့သည်ဟုလည်း ပြောတတ်ကြပါသည်။ ထို့အပြင် အံ့သြဖွယ်ရာများကိုလဲ ပြုခဲ့သည်ဟု ပြောစမှတ်ရှိပါသည်။ သူသည် မျက်ကန်းများကို ပြန်မြင်စေသည်၊ လူသေတို့ကို ထမြောက်စေသည်၊ အိုင်ယာလန်ကျွန်းပေါ်မှ မြွေဆိုးအားလုံး၊ ဖါးပြုတ်အားလုံးကို နှင်ထုတ်ခဲ့သည်ဟုလည်း ပြောတတ်ကြပါသေးသည်။ သို့သော် သူကိုယ်တိုင်က ၎င်းတို့ကို သူလုပ်ပါသည်ဟု လုံးဝမပြောခဲ့ပါ။ ၎င်းတို့သည် နောက်ပိုင်း ရိုမန်ကက်သလစ်များက စတန့်ထွင်ကြခြင်းသာ ဖြစ်ကြပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ ပက်ထရစ် ရေးသားခဲ့သောစာများက သူသည် ဘုရားသခင်အတွက်မိမိကိုယ်ကို မြှုပ်နှံထားသော၊ နှိမ့်ချသော ဘုရားသခင့်သားတဦးဖြစ်ကြောင်း သေချာစေပါသည်။ သူ့စာများအားဖြင့် သူ၏ချစ်စရာကောင်းသော စရိုက်တခုသည် တောက်ပလျှက် ရှိပါသည်။ ထိုစာများမှနေ၍ သူသည် နှိမ့်ချလှသူဖြစ်ကြောင်း သိသာလှပါသည်။ သူသည် ဘယ်တုန်းကမှ အဆင့်မြင့်ပညာများကို သင်ကြားခဲ့ရသူမဟုတ်ပါ။ တခါတရံ သူ၏ပညာမတတ်လှမှုကို သူ့ဘာသာ ညီးတွားတတ်ပါသည်။ အမှန်ပြောရလျှင် သူသည် မည်သည့်စာကိုမျှ မရေးချင်ခဲ့ပါ၊ အဘယ့်ကြောင့်ဆိုသော် သူ၏လက်တင်ဘာသာသည် နိမ့်ကျလွန်း၍ဖြစ်ပါသည်။ သို့သော် ထိုသို့ လက်တင်ဘာသာလိုအပ်နေမှုကြောင့် သူသည် တိုက်ရိုက်လှစွာပြောဆိုနိုင်ခြင်းကို ထွက်ပေါ်စေပါသည်။ ထို့အ တွက် သူ့စာများကိုဖတ်ရခြင်းသည် ယနေ့တိုင်အောင် စိတ်လှုပ်ရှားမှုကို ဖြစ်နေစေပါသေးသည်။ တခါတွင် ခရစ်ယာန်အမည်ခံအင်္ဂလိပ်ဘုရင်ထံသို့ ဤသို့စာရေးခဲ့ပါသည်၊ “အကျွန်ုပ် ပက်ထရစ်၊ အပြစ်သား၊ စာမတတ်ပေမတတ်က ရေးလိုက်ပါသည်....” ထိုစာသည် ဗြိတိန်ဘုရင် ခိုရိုးတီးယပ်ကပ်စ်ထံရေးသောစာဖြစ်သည်၊ မိမိကိုယ်ကို ခရစ်ယာန်ဟုပြောသော်လည်း၊ အိုင်ယာလန်နိုင်ငံမှ ယောကျာ်းလေးနှင့်မိန်းမငယ်များစွာကို ဖမ်းဆီးကာ ကျွန်ပြုသူဖြစ်သည်။ ဤစာကို ထိုဘုရင်အား အသင်းတော်မှထုတ်ပယ်ချိန် ရေးသားခြင်းဖြစ်သည်။ ထိုဘုရင် နောင်တရကာ သူလုပ်ခဲ့သမျှအဆိုးများအတွက် လျော်ကြေးပြန်ပေးချိန်ထိ အသင်းတော်မှထုတ်ပယ်ခဲ့သည်။

## သူ့လုပ်ဆောင်မှုများ၏ရလဒ်များ

ပက်ထရစ်သည် အိုင်ယာလန်ကျွန်းပေါ်တွင် ခရစ်ယာန်ဝါဒကို တည်ထောင်ခဲ့ပါသည်၊ သူတည်ထောင်သော ခရစ်ယာန်ဝါဒသည် ရိုမန်ကက်သလစ် လုံးဝမဟုတ်သော ခရစ်ယာန်စစ်ဖြစ်သည်။ ဘုရားတရားကြည်ညိုသော ကျမ်းစာနှင့်ကိုက်ညီလှသော အသင်းတော်ဖြစ်သည်၊ ပက်ထရစ်အသုံးပြုသည့် တခုတည်းသောစာအုပ်မှာ ကျမ်းစာသာ ဖြစ်ပါသည်။ သူတည်ထောင်ခဲ့သော အသင်းတော်သည် ရောမအသင်းတော်၏လွှမ်းမိုးမှု လုံးဝကင်းစင်သော၊ ရိုမန်ကက်သလစ်အိုင်ဒီယာ တခုမှမပါသော အသင်းတော်ဖြစ်ပါသည်။ အမှန်ပြောရလျှင် ရိုမန်ကက်သလစ်တို့က အိုင်းရစ်ရှ်ခရစ်ယာန်များကို ပုတ်ရဟန်းမင်း၏အုပ်ချုပ်မှုအောက် အတင်းအကြပ် မသိမ်းသွင်းခင် ရာစုနှစ်များစွာစော၍ တည်ထောင်သောအသင်းတော်ဖြစ်သည်။ ၎င်းသည် အိုင်ယာလန်အသင်းတော်၏ အစပျိုးဖြစ်သည်၊ ယနေ့တိုင်အောင် ဆက်လက်တည်ရှိနေသည်၊ သို့သော် ကြီးမားသောရှုန်းကန်ရမှုများ၊ နှိပ်စက်ခံရခြင်းများ ကြားမှနေ၍သာ ယနေ့တိုင်အောင် ဆက်လက် တည်မြဲနေခြင်းဖြစ်ပါသည်။

ပက်ထရစ် ကွယ်လွန်သောနေ့ အတိအကျကိုလည်း မသိရပါ။ သို့သော် သူသည် ငြိမ်းချမ်းစွာ အေဒီ ၄၆၀ နှင့် ၄၉၃ ကြားတွင်သေဆုံးခဲ့ပါသည်။ သူသည် ဘုရားသခင်၏ သစ္စာရှိသောအစေခံအဖြစ် ကွယ်လွန်ခဲ့ပါသည်။ မည်သူမှမသိသော သူချစ်လှသည့် အိုင်ယာလန်ပြည်၏ သင်္ချိုင်းတခုတွင် မြှုပ်နှံခဲ့ကြပါသည်။

ပက်ထရစ်သည် ရုပ်တုဆင်းတုကိုးကွယ်ကြသည့်၊ နတ်၊ ရုပ်တုနှင့်အယူသည်းခြင်းတို့ကသာ လွှမ်းမိုးနေသည့် အမှောင်ဒေသထဲသို့ ဧဝံဂေလိအလင်းတရားကို ဆောင်ယူသွားဖို့ ဘာမဆိုကို စွန့်လွှတ်ရဲကြသူများထဲမှ တဦးဖြစ်ပါသည်။ အသင်းတော်၏ နှစ်အလိုက်မှတ်တမ်းတွင် မြင့်မြတ်သောသဏ္ဍာန်တခုဖြစ်ပါသည်၊ အသင်းတော်၏တာဝန်ဖြစ်သော သာသနာပြုခြင်းလုပ်ငန်းကို နိုးကြွစေသူ၊ ကမ္ဘာဆုံးသို့ ဧဝံဂေလိတရားဟောကြားဖို့ ခေါ်ခြင်းခံရသူများကို အားပေးနေသောပုံရိပ်တခုဖြစ်လျှက် ရှိနေပါသည်။

(Portraits of Faithful Saints, Prof. Herman Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

×××××××××××××××××××××××××××××××××

<u>ဆင်ခြင်တွေးတောခြင်းကဏ္ဍ</u>

## ဝိညာဉ်အား နဂိုအခြေအနေ ပြန်လည်ရောက်ရှိစေခြင်း

(The Restoration of the Soul)

**ဒါဝိတ်၏ဆာလံ**

“ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသော မြစ်နားသို့လမ်းပြတော်မူ၏။ ငါ့ဝိညာဉ်ကိုအားဖြည့်၍၊ နာမတော်အကျိုးအလိုငှါ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏။” **ဆာလံ ၂၃း၁–၃**

ကျွန်တော်ရွေးသောကျမ်းပိုဒ်များပါဝင်သည့် ဆာလံကျမ်းကို တိတ်ဆိတ်စွာအားကိုးခြင်းဟုခေါ်လျှင် အလွန်တင့်တော်ပါမည်။

ဘဝ၏ ပြင်းထန်သောမုန်တိုင်းများကြားတွင် ကျွန်တော်တို့ဝိညာဉ်ကို အနန္တတန်ခိုးတော်ရှင်၏ ချစ်ခင်လှသော လက်တော်များဖြင့် ယူလိုက်ကာ၊ သူ၏ရင်ခွင်ထဲ အနားယူစေသော အခိုက်အတန့်အချိန်များ ရှိတတ်ပါသည်။

အိုး မှန်ပါသည်၊ ရန်သူများက ကျွန်တော်တို့ရှေ့မှောက် ရပ်နေကြဆဲ၊– ဤဝိညာဉ်ရေးရာ သားချော့တေးကို ဆိုလေ့ရှိပါသည်၊ “အကၛဗ္ပုပ္၏ရန္သူတုိ႔ေ႐ွသ႔မသာ၊” သို့သော် မည်သို့ပင်ဖြစ်ပါစေ၊ ၎င်းသည် ငိုယိုနေသောကလေးငယ်အား တိတ်သွားစေရန် ချော့ မြူသောသီချင်းဖြစ်ပါသည်။ အနားယူနိုင်ရန်ဖြစ်သည်၊ အံ့သြဖွယ်ရာ အပန်းဖြေမှုဖြစ်သည်။

အချို့သော ဆာလံများသည် စစ်ပွဲ၏မိုးကြိုးသံများနှင့် တူကြပါသည်။ ခိုက်ရန်ဖြစ်ခြင်း၏ ဝရုန်းသုန်းကားဖြစ်နေခြင်းများနှင့်တူကြပါသည်၊ (သို့) များစွာသောရေတို့ကျဆင်းလာသံနှင့် တူကြပါသည်။ သို့သော် ဤဆာလံတွင်မူ တိတ်ဆိတ်စွာ နားနေခြင်း၊ ညီညွတ်နေခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြစ်ပါသည်။

•••••••

လက်ဖျားခါရလောက်သော အစပျိုးခြင်းဖြစ်ပါသည်! “ဘုရားသခင်သည် ငါ၏သိုးထိန်းဖြစ်သည်၊ ငါ၌ ဘာလိုအပ်ချက်မှ ရှိမည် မဟုတ်။”

ဤကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော သိုးထိန်းတို့ ရှိနေကြပါသည်။ နိုင်ငံများစွာတွင်၊ လူမျိုးပေါင်းစုံကြားတွင်ဖြစ်သည်။ တွေးကြည့်ပါ၊– ထိုသိုးထိန်းများ သိုးထိန်းဖြစ်နိုင်ကြရခြင်းမှာ ဘုရားသခင်သည် အကြီးဆုံးသိုးထိန်းကြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ ၎င်းသည် သင်ပြောရမည့် လမ်းကြောင်းဖြစ်ပါသည်။ အရာခပ်သိမ်းသည် ကြီးမြတ်သောဘုရားသခင်ကို သရုပ်ဖော် ပြသကြဖို့၊ သူ၏ခရစ်တော်နှင့် သူ၏ကယ်တင်ခြင်းကို သရုပ်ဖော်ပြသကြဖို့ ဖြစ်နေကြပါသည်။

သခင်ယေရှုကပြောပါသည်၊– အရာခပ်သိမ်းသည် သူတို့အတွက် ဥပမာစကားများထဲတွင် ဖြစ်ပျက်နေကြပါသည်။ ထိုဥပမာများတွင် သခင်ဘုရားသည် ဘုရားသခင်၏ကောင်းကင်နိုင်ငံတော်အကြောင်းကို ပြောနေခြင်းဖြစ်ပါသည်။

စကြာဝဠာကြီးတစ်ခုလုံးထဲတွင် ရည်ရွယ်ချက်တစ်ခုသာရှိပါသည်၊ ဂုဏ်ကျက်သရေရှိသောရည်ရွယ်ချက် တစ်ခုသာရှိပါသည်၊ ၎င်းမှာ ဘုရားသခင်၏ချစ်ခြင်းဖြစ်သည်။

သင်က ပြောပါမည်၊ မှန်ပါသည်၊ သို့သော်လည်း ကမ္ဘာပေါ်တွင် မုန်းတီးမှုများလှချည့်လား? အကျည်းတန်ခြင်းနှင့် သဘောမတူမှုများလည်း များပြားလှပါသည်။

မှန်သည်၊ ၎င်းတို့သည် အနက်ရောင်နောက်ခံဖြစ်ဖို့ ကိုက်ညီစွာ ရှိနေကြခြင်းဖြစ်ပါသည်။ ထိုသို့ဖြင့် ဘုရားသခင့်ချစ်ခြင်းဆိုသော ရည်ရွယ်ချက်သည် ထင်းထင်းပေါ်နေမည်ဖြစ်ပါသည်။

ထိုသို့ပင် ဤနေရာတွင်လည်းဖြစ်ပါသည်။

သိုးသငယ်များနှင့်ခရစ်တော်၏သိုးသငယ်တို့ နောက်သို့ လိုက်နေသော ဝံပုလွေများ၏နောက်ခံတွင် သိုးထိန်းကြီးကို တွေ့ရပါသည်။ သူသည် သူ၏လမ်းခရီးကို ဖြေးညှင်းစွာ စိမ်းလမ်းသောမြက်ခင်းစားကျက်များသို့ သွားနေပါသည်။ သူသည် သူ့သိုးအုပ်ကို ကျွေးမွေးဖို့ သွားနေခြင်းဖြစ်ပါသည်။

ကြည့်ကြည့်လိုက်ပါ၊ သေသေချာချာကြည့်ကြည့်လိုက်ပါ၊ ဘုရားသခင့်နိုင်ငံတော်၏ အကြောင်းတရားများ သင့်မျက်မှောက်ရှေ့တည့်တည့်တွင် ဖြစ်ပျက်နေကြသည်ကို တွေ့လာပါလိမ့်မည်။

ဘုရားသခင်သည် သူ့လူများ၏ သိုးထိန်းကြီးဖြစ်တော်မူသည်။ ထို့ကြောင့်၊ သူတို့ထံတွင် လိုအပ်ချက် ရှိမည်မဟုတ်ပါ။

သူတို့ထံတွင် လိုအပ်ချက် ရှိမည်မဟုတ်၊ အဘယ့်ကြောင့်ဆိုသော် သိုးထိန်းကြီးက သူတို့ကို ကျွေးမွေး၍ဖြစ်သည်။

ပရောဖက်ပြုချက်များက ထိုသိုးထိန်းကြီးအကြောင်းကို ပြောပြကြပါသည်။ ဟေရှာယက ထိုသိန်းကြီးသည် သူ၏သိုးအုပ်ကို ဦးဆောင်လိမ့်မည်၊ ကျွေးမွေးလိမ့်မည်ဟု ပြောပြပါသည်။

သိုးထိန်းကြီးသည်၊ ယေဟောဝါ ဘုရားသခင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ သုံးပါးတဆူဘုရားသခင်ဖြစ်သည်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်သည် သိုးစုကိုထိန်းသော သိုးထိန်းကြီးဖြစ်သည်။ သိုးစု ဆိုသည်မှာ စကားမျိုးစုံကိုပြောဆိုကြသည့် နိုင်ငံမျိုးစုံမှ ရွေးကောက်ထားသောသူများဖြစ်သည်။

ဘုရားသခင်သည် သူတို့သိုးထိန်းဖြစ်သည် ဆိုခြင်းမှာ သူတို့ကို ဘုရားသခင်က စောင့်ရှောက်ဂရုစိုက်မည်၊ ကာကွယ်မည်၊ ကျွေးမွေးမည်၊ သူတို့ကို အေးမြသောစမ်းရေရှိရာသို့ နူးညံ့သိမ်မွေ့စွာ ခေါ်ဆောင်သွားမည်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤ ချမ်းမြေ့ဖွယ်တေးလား(ကဗျာ)သည် သခင်ယေရှုထံတွင် ပြည့်စုံပါသည်၊ သူ ကောင်းကင်ဘုံမှ ဤလောကသို့ ကြွလာသောအချိန်တွင် ဖြစ်သည်။ ဆာလံ ၂၃ တွင် သုံးနှစ်ထက်မကသော ကမ္ဘာ့သမိုင်းကို တွေ့ရပါသည်။ သခင်ယေရှု သူ့လူများကို ကောင်းကင်မန္နမုန့်နှင့် ကျွေးမွေးခြင်းဖြစ်သည်။

သူသည် သူတို့ကို မည်သို့ ဂရုစိုက်သည်၊ ကာကွယ်သည်၊ သူတို့အတွက် ဝေဒနာခံစားတော်မူသည်၊ သူတို့အတွက် အသေခံတော်မူသည် စသည်တို့ကိုဖြစ်ပါသည်။

ကမ္ဘာကြီးက သိုးထိန်းကြီးသည် သူ၏သိုးများကို ကျွေးမွေးကြောင်း အမှန်ပင် တွေ့မြင်ခဲ့ကြရပြီဖြစ်သည်။

•••••••

ထိုသို့ သူ၏သိုးအုပ်များကို ကျွေးမွေးခြင်း၊ ဂရုစိုက်ခြင်းတို့ကို ကဗျာဆန်ဆန် ဖော်ပြနေခြင်းဖြစ်သည်၊ တင်စားချက်ခြင်းစကားတို့ဖြင့် ဖော်ပြနေပါသည်၊– "စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကိုအိပ်စေတော်မူ၏။ သာယာသောမြစ်နားသို့လမ်းပြတော်မူ၏။"

သန့်ရှင်းသောဝိညာဉ်တော်က ယေဟောဝါဘုရားသခင်ဖြစ်သော သခင်ယေရှုသည် ကျွန်တော့်ကို စိမ်းလန်းသောကျက်စားရာအရပ်တွင် အိပ်စေသည်ဟုပြောပြသောအခါ ဘာကိုဆိုလိုပါသနည်း?

ကလေးငယ်တဦးထံပြောသလိုမျိုးနှင့်ပြောပြဖို့ ခွင့်ပြုပါ။ ဆိုလိုသည်မှာ သူသည် ကျွန်တော်တို့ကို တနင်္ဂနွေနေ့ တနေပြီးနောက်တနင်္ဂနွေနေ့ ဆက်လက်၍ ဘုရားကျောင်းသို့ သွားနိုင်ကြရန် ဦးဆောင်ခြင်းကို ဆိုလိုပါသည်။ ကျွန်တော်တို့ ဒပ်ချ်နိုင်ငံတွင် ဆိုလေ့ရှိသောသီချင်းက တနင်္ဂနွေနေ့ဝတ်ပြုရာနေရာတွင် ဘုရားသခင်၏အနားပေးခြင်း (သို့) ဘုရားသခင်ထံအနားယူရခြင်းကို ပေးတော်မူသည်ဟု ဖော်ပြပါသည်။ ငယ်စဉ်က ဘာကိုဆိုလိုမှန် မသိခဲ့ပါ၊ သို့သော် ယခုတော့ သိလာခဲ့ပြီဖြစ်သည်။

ဘုရားသခင်သည် တနင်္ဂနွေနေ့ အသင်းတော်၏ဝတ်ပြုရာနေရာတွင် သူ၏ထာဝရချစ်ခြင်းဂရုဏာတော်နှင့်ဆိုင်သော စားကောင်းသောက်ဖွယ်များကို အသင်းသူ/သားများအား စားသောက်စေပါသည်။ တနင်္ဂနွေဘုရားကျောင်းတွင် ကျွန်တော်တို့သည် ထိုအကြောင်းအရာများနှင့် ပိုများသောအကြောင်းရာများကို ကြားကြရပါသည်။ ဘုရားသခင့်အကြံအစည်တော်အားလုံးကို ဖော်ထုတ်ရှင်းပြပါသည်။ တနင်္ဂနွေဝတ်ပြုချိန်တွင် သခင်ဘုရားက သူတို့အတွက် မည်သည့်အံ့သြဖွယ်ရာတို့ကို ပြုလုပ်ပေးတော်မူကြောင်း မျိုးစုံလှစွာဖြင့် ဘုရားသခင့်သိုးတော်စုက ကြားသိရပါသည်။ တနင်္ဂနွေနေ့ဝတ်ပြုသော မလှမပအိုမင်းသောဘုရားကျောင်းတွင် သူတို့၏စစ်ပွဲများသည် ခရစ်တော်၏သေခြင်းတွင် ပြီးပြည့်စုံခဲ့ပြီဖြစ်ကြောင်းကို ကြားသိကြရပါသည်။ ဘုရားသခင့်သားသမီးတို့က မိုးရေကြောင့် ကွတ်တိကွတ်ကြားဖြစ်နေသော၊ ညစ်ပေလှသော နံရံများကို သွားတွေ့ကြရသည်မဟုတ်ပါ၊ ယုံကြည်ခြင်းမျက်လုံးများဖြင့် သူတို့သည် ဘုရားသခင်က သူတို့၏ ဒုစရိုက်မှုများအားလုံးကို ခွင့်လွှတ်ကြောင်း တွေ့မြင်ကြရခြင်းဖြစ်ပါသည်။

ဘုရားသခင်သားသမီးတို့သည် အေးချမ်းစွာအိပ်စက်ခွင့်ကို ရစေပြီးဖြစ်ပါသည်။ ထိုစိတ်သဘောကို သင်တို့ထံမှ မည်သို့သောအကြောင်းနှင့်မျှ မထွက်ခွာစေကြနှင့်၊ ဘုရားသခင်ကိုယ်တော်တိုင်က ဖြစ်စေသောစိတ်သဘောဖြစ်သည်။ ဘုရားသခင်ကိုယ်တိုင်က အေးချမ်းစွာ အိပ်စက်နားစေခြင်းဖြစ်သည်၊ သူကိုယ်တိုင်က သူတို့အတွက် သာယာသောမြက်ခင်းများကို ပြင်ဆင်ပေးခြင်းဖြစ်သည်။

မှန်သည်၊ ၎င်းသည် လှုပ်ရှားမှုတခုဖြစ်ပါသည်။ ဘုရားသခင်သည် ကောင်းချီးကိုခံပါစေသတည်း။ အံ့သြဖွယ်ရာ လှုပ်ရှားလုပ်ဆောင်ပေးမှုဖြစ်ပါသည်။ သူတို့ကို ဘုရားသခင်သည် ငြိမ်းချမ်းခြင်း စမ်းရေဘေးသို့ ဦးဆောင်ခေါ်သွားခြင်းဖြစ်ပါသည်။

ငြိမ်းချမ်းခြင်း၊ အမှန်ပင်၊ ကျမ်းစာက ထိုငြိမ်းချမ်းခြင်းအကြောင်းကို မကြာခဏပြောပြတတ်ပါသည်။ တခါတရံ တင်စားချက်များဖြင့် ယခုကျမ်းပိုဒ်မှာကဲ့သို့ ပြောပြတတ်ပါသည်။ ဟေရှာယကဟု ကျွန်တော်ထင်ပါသည်၊ ဘုရားသခင်သည် ငြိမ်းချမ်းခြင်း ကို ဂျေရုရှလင်သို့ မြစ်များကဲ့သို့ရောက်လာစေမည်ဟု ပြောခဲ့ဘူးပါသည်။

ချစ်လှစွာသောစာဖတ်သူခင်ဗျား၊ ကျွန်တော့်ကျမ်းပိုဒ်ကပြောနေသော မြစ်ဆိုသည်မှာ ထိုငြိမ်းချမ်းခြင်းကို ဆိုလိုနေပါသည်။

အကယ်၍ သင်က ထိုငြိမ်းချမ်းခြင်းဆိုသည်မှာ အဘယ်နည်း?ဟု မေးလာခဲ့ပါလျှင်၊

၎င်းသည် သင်၏တိုက်ပွဲများ ပြီးပြည့်စုံသွားခြင်းအခြေအနေ၊ အနေအထားဖြစ်သည်၊ သင်၏ဒုစရိုက်များကို ခွင့်လွှတ်ခြင်းခံရချိန် ဖြစ်ပေါ်လာသောအခြေအနေဖြစ်သည်၊ သင် ဘာကိုဆိုလိုကြောင်း သိပါသည်။

ဆိုလိုသည်မှာ သင်နှင့်ဘုရားသခင်အကြား ချစ်ခြင်းနှင့် ချစ်ခင်ကျင်နာသနားခြင်းမှလွဲ၍ ဘာမှမရှိတော့ခြင်းဖြစ်ပါသည်။ သူက သင့်ကို ချစ်သည်၊ သင်ကလည်း သိသည်၊ သင်က သူ့ကိုချစ်သည်၊ သူကလည်း သိသည်။ ငြိမ်းချမ်းခြင်းက ဆိုလိုချင်သည်မှာ၊ သင်၏ နာကျင်မှုများ၊ ပြဿနာများ၊ ဒုက္ခဆင်းရဲများ၊ ဝမ်းနည်းရခြင်းများ၊ မျက်ရည်များ၊ အတိုဆုံးပြောရလျှင်၊ ယခင်ကရှိခဲ့သော အကြောင်းအရာများအားလုံး ပျောက်ကွယ်သွားကြပြီ။ ထို့နောက် သင့်ကို ကောင်းကင်နှင့်ဆိုင်သောအရပ်သို့ ပြောင်းရွှေ့လိုက်ပြီဖြစ်သည်။

ထို့ကြောင့် ဒါဝိတ် ထိုနိုက်တင်ဂေးလ်ဆာလံကို သီကုံးသောအခါ အလွန်တည်ငြိမ်လျှက်ရှိပါသည်။

.......

အိုးဘုရားသခင်၊ ထိုအံ့သြဖွယ်သည် မည်ကဲ့သို့ ကျွန်တော့်ထံတွင် ဖြစ်လာပါသနည်း?

ဤကျမ်းပိုဒ်က သင့်ကို ပြောပြပါလိမ့်မည်။

သူသည် အကျွန်ုပ်၏ဝိညာဉ်ကို နဂိုနေရာမှန်သို့ ပြန်လည်ပို့ဆောင်ပေးပါသည်။ (ဆရာယုဒသန်၏ မြန်မာကျမ်း၌ "ငါ့ဝိညာဉ်ကိုအားဖြည့်၍"ဟုသာ ဘာသာပြန်၍ ကွာခြားမှုကို သတိပြုပါလေ – ဘာသာပြန်သူ)

လူတိုင်းက နဂိုနေရာမှန်သို့ ပြန်လည်ထားရှိခြင်း၏အဓိပ္ပါယ်ကို သိကြပါသည်။

တခါသော် သင်သည် ဖျားနာ၏၊ အပူချိန်ကြီးလျှက်၊ တကိုယ်လုံးနာကျင်နေ၏၊ ဒေါက်တာသည် သင့်အိပ်ရာဘေးတွင်ရှိနေသည်ကို သင်မြင်နေရ၏။ သင်ချစ်ရသောအိမ်သူ/သားများသည် သင့်နားလာသော် ဖြေးညှင်းစွာလမ်းလျှောက်ကာ၊ အသံများကိုလည်း တီးတိုးအဆင့်သာ ပြောဆိုကြ၏။ သူတို့အားလုံး သင့်အိပ်ရာဘေးတွင် စိုးရိမ်တကြီးစောင့်နေကြရ၏။

သို့သော် ဖျားနာခြင်းပြန်ထွက်သွား၏၊ နေ၏ရောင်ခြည်သည် ပို၍တောက်ပခြင်းနှင့်အတူ ပြန်ရောက်လာ၏။ သင်သည် နေကောင်းခြင်း၏ နဂိုအခြေအနေသို့ ပြန်လည်ရောက်လာခဲ့ပြီဖြစ်သတည်း။

ပန်းချီးကားတချပ်ကို ဘုရားကျောင်းဟောင်းတခု၏ အနောက်ဖက် နံရံတွင်တွေ့ရသည်။ မည်သူက ရေးဆွဲခဲ့မှန် မည်သူမျှ မသိကြ၊ မည်မျှတန်ဖိုးကြီးကြောင်းလည်း မည်သူမှ မသိကြ။ သို့သော် ပန်ချီးကျွမ်းကျင်သူများ ရောက်လာကြသည်၊ ထိုပန်းချီကား ဟောင်းကို သေချာပြန်လည်ပြုပြင်ရေးချယ်ကြသည်၊ သန့်ရှင်းကြသည်။ မည်သည့်ရလဒ် ဖြစ်လာသနည်း? အမှိုက်သရိုက်များ ဖုန်များ၊ ချေးများကို ဖယ်ရှားလိုက်သောအခါ၊ ၎င်းသည် အင်မတန်တန်ဖိုးကြီးသော ရှေးဟောင်းပန်းချီကားတချပ်ဖြစ်ကြောင်း သိကြရပါတော့သည်။ ပန်းချီးကားကို နဂိုနေရင်းနေရာမှန်သို့ ပြန်ပို့ခြင်းဖြစ်ပါသည်။

ထိုသို့ပင် ဘုရားသခင်သည် သူ့လူများ၏ ဝိညာဉ်များကို နဂိုနေရာမှန်သို့ ပြန်ရှိစေတော်မူပါသည်။

မည်သို့ပင်ဖြစ်ပါစေ၊ အထက်ကပေါ်ပြသော ဥပမာများသည် ခရစ်တော်၌နဂိုနေရာမှန်ပြန်ပို့ခြင်း အမှန်တရားကို လုံလောက်အောင်တော့ မပေါ်ပြနိုင်ကြပါ။ ထိုဥပမာများထက် အလွန်မြင့်မားလွန်းလှပါသည်။

တချိန်က ကျွန်တော်တို့သည် အာဒံ့ထံတွင် အလွန်လှပခဲ့ကြပါသည်၊ သို့သော် ယခုချိန်တွင်တော့ ကျွန်တော်တို့သည် အပြစ်ထဲ၌ ညစ်ညူးလျှက်ညစ်ပေနေကြသည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ သို့သော် နဂိုနေရာသို့ပြန်လည်ရောက်စေခြင်းတွင် ကျွန်တော်တို့သည် ကျွန်တော်တို့ဖန်ဆင်းရှင်၏လက်မှ လာစအချိန်ကထက် အတော်လေးကို ပို၍လှပလာနေကြခြင်း ဖြစ်ပါသည်။ ကောင်းကင်အထပ်ထပ်တို့သည် မြေကြီးထက် ပို၍လှပသလိုဖြစ်ပါသည်။ ထိုသို့ပင် ကယ်တင်ခြင်းခံကြရသူများသည် အာဒံလှပခဲ့ခြင်းထက် အပုံကြီးကို ပို၍လှပကြပါသည်။

ကျွန်တော်သည် ထိုနှိုင်းယှဉ်ခြင်းကို ပို၍တိုးတက်စေပါဦးမည်၊ ကျမ်းစာကအသုံးပြုသော တကယ့်နှိုင်းယှဉ်ခြင်းကို ဖေါ်ပြပါမည်။ ခရစ်တော်သည် အာဒံထက် ပို၍လှပသလို၊ ကယ်တင်ခြင်းခံကြရသူများသည် ပါရာဒိုက်စ်(ဒေဝဉယာဉ်)ထက် ပို၍လှပကြပါသည်။

နဂိုနေရာသို့ပြန်လည်ရောက်စေခြင်းဆိုသည်မှာ ယခုချိန်တွင် ကျွန်တော်တို့သည် ဝိညာဉ်ရေးရာလူများဖြစ်နေကြပြီ၊ ဘုန်းကျက်သရေနှင့်ပြည့်ဝသော၊ ကောင်းကင်ဘုံနှင့်ဆိုင်ကြသော၊ ထာဝရအသက်ရှင်ကြသောသူများ ဖြစ်နေကြခြင်းဖြစ်ပါသည်။ မှန်သည်၊ ဘုရားသခင်သည် ကျွန်တော်တို့ဝိညာဉ်များကို နဂိုနေရင်းနေရာမှန်သို့ ပြန်လည်ရောက်စေပါသည်။

.......

ခရစ်တော်၏နေ့ရက်ရောက်သောအခါ ဘုရားသခင့်သားသမီးတို့ မည်မျှ လှပကြဦးမည်ဆိုသည်ကို ရှင်းပြထားပါသည်၊– "သူ(ဘုရားသခင်)သည် အကျွန်ုပ်ကို ဖြောင့်မတ်ခြင်း၏လမ်းတို့သို့ ဦးဆောင်ခေါ်သွားတော်မူသည်"(ဆာလံ ၂၃း၃ ဂျိန်းဘုရင်မူ၊ ဆ ရာယုဒသန်၏ မြန်မာကျမ်းက၊ "နာမတော်အဘိုးအလိုငှာ တရားလမ်းထဲ၌ သွေးဆောင်တော်မူ၏" ဟုပြန်ရာ ခြားနားချက်ကို သတိပြုနိုင်ပါ သည်။)

ဖြောင့်မတ်ခြင်းဆိုသည်မှာ ဘုရားသခင်၏ ကောင်းမြတ်ခြင်းတခုဖြစ်ပါသည်။

ဖြောင့်မတ်ခြင်း၏အဓိပ္ပါယ်မှာ ဘုရားသခင်သည် သူ၏ရှိနေမှုတခုလုံး၊ လုပ်ကိုင်ခြင်းအားလုံး၊ ပြောဆိုခြင်းအားလုံးတို့ကို အမြင့်ဆုံးသောကောင်းမြတ်ခြင်းဖြစ်သည့် သူ၏ဖြစ်တည်မှုနှင့်ကိုက်ညီစွာ ပြုတော်မူသည်။

ထို့ကြောင့် လူသားအတွက် ဖြောင့်မတ်ခြင်းဆိုသည်မှာ သူသည် ကောင်းမြတ်သောသူဖြစ်သည်၊ သူသည် ကောင်းမြတ်ခြင်းကို ပြောဆိုသူဖြစ်သည်၊ သူသည် ကောင်းမြတ်ခြင်းကိုသာ လုပ်ကိုင်သူဖြစ်သည်။

ဖြောင့်မတ်သောသူ တရားစီရင်ရာနေ့တွင် ဘုရားသခင်၏ရှေ့တော်မှောက်ရောက်သောအခါ၊ ဘုရားသခင်သည် သူ့ကို ကြည့်တော်မူမည်၊ သူ့အထဲသို့ကြည့်တော်မူမည်၊ ထို့နောက် ဘုရားသခင်က သူသည် ပြည့်စုံစွာကောင်းမြတ်သည်၊ ချစ်စရာကောင်းသည်ကို တွေ့တော်မူပါမည်။ ထို့ကြောင့် သူ့ကို "ကြိုဆိုပါတယ်၊ ငါ့ကလေး၊ သင့်သခင်၏ဝမ်းမြောက်ခြင်းသို့ ဝင်ရောက်လော့"ဟု ပြောတော်မူပါမည်။ ထိုအခါ သူသည် စတင်ကာ ပျော်ရွှင်ရတော့မည်ဖြစ်သည်။

ထိုအခါ ခင်ဗျားက ကျွန်တော့်ကိုပြောပါမည်၊ ဘယ်လိုလုပ် အဲဒီလို အံ့ဩစရာ ဖြစ်နိုင်ရတာလဲ? ငါဟာ အင်မတန် ကောက်ကျစ်စဉ်းလဲသူဖြစ်တယ်၊ လမ်းမှားလိုက်သူဖြစ်တယ်၊ ငါ့အတွေး၊ ငါ့စကား၊ ငါ့ဖြစ်တည်မှုတွေအတွက် ငါ အမြဲတုန်လှုပ်ရတယ်!

ထိုအမေးအတွက် အဖြေမှာ၊ ဘုရားသခင်သည် ကျွန်တော်တို့ကို ဖြောင့်မတ်ခြင်းလမ်းတို့သို့ ဦးဆောင်သွားပါသည်။

အိုး ထိုဖြောင့်မတ်ခြင်းလမ်းများသို့ ဖြစ်ပါသည်။

ပထမ၊ သူတို့ကို ဘုရားသခင်သည် ထာဝရကာလကထဲကနေ၍၊ ဖြူစင်သော၊ စင်ကြယ်သောဝတ်လုံးဖြင့် လွှမ်းခြုံခြင်းခံရမည့်သူများအဖြစ် ဆုံးဖြတ်ထားခဲ့ပါသည်။ ၎င်းသည် ဘုရားသခင်က ကျွန်တော်တို့အတွက် ပြင်ဆင်ပေးထားတော်မူသော ဖြောင့်မတ်ခြင်းဖြစ်ပါသည်။ ဒံနီးယလ်(ဒံယေလ)က ထာဝရတည်သောဖြောင့်မတ်ခြင်းအကြောင်းကို ပြောခဲ့ပါသည်။

ဒုတိယ၊ သခင်ယေရှု၏ အသေခံခြင်းနှင့်ရှင်ပြန်ထမြောက်ခြင်းက ထိုဖြောင့်မတ်ခြင်းအတွက် အခြေခံနှင့်အခြေခံအုတ်မြစ်ကို ချမှတ်ပေးပါသည်။ ကျွန်တော်တို့က ၎င်းကို ဥပဒေနှင့်ညီသောဖြောင့်မတ်ခြင်းဟု ခေါ်ကြပါသည်၊ ယုံကြည်ခြင်းဖြင့် ရလာကြပါသည်။

တတိယ၊ ဖြောင့်မတ်ခြင်း၏နည်းဥပဒေသကို ကျွန်တော်တို့၏အသစ်ပြုပြင်ခံရခြင်း၊ ပြောင်းလဲကြခြင်းနှင့် သန့်ရှင်းစေခြင်းတို့၌ တရားဝင်ခွင့်ပြုတော်မူပါသည်။

စတုတ္ထ၊ ထိုဖြောင့်မတ်ခြင်းကို ခရစ်တော်၏နေ့ရက်၌ ကျွန်တော်တို့ထံ လူသိရှင်ကြား ဝတ်ခြုံပေးပါမည်။ ထိုအချိန်တွင် ကျွန်တော်တို့သည် ခရစ်တော်၏ချစ်စရာကောင်းခြင်းနှင့်လှပခြင်းလောက်ကို ချစ်စရာကောင်းကြလျှက်၊ လှပကြပါမည်။

အဘယ့်ကြောင့်နည်း? အဘယ့်ကြောင့် ဘုရားသခင်က ထိုအရာအားလုံးကို အသင်းတော်သို့၊ ဂျေရုဆလင်သို့၊ ဇိုင်းယွန်(ဇိအုန်)သို့၊ သူရွေးကောက်သောလူစုသို့ ပြုတော်မူရပါသနည်း?ဟု သင်မေးခဲ့ပါလျှင်၊–

အဖြေသည်၊– သူ၏နာမတော်အတွက်ကြောင့်ဖြစ်ပါသည်။

ထိုအဖြေသည် အလွန်အံ့သြစရာကောင်းပါသည်။ ၎င်းကို ယျှကထဲကပင် တွေ့နေရပြီဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် မည်သို့သောသူဖြစ်သည်ကို ကျွန်တော်တို့ သိနေကြသောကြောင့်ဖြစ်ပါသည်။

စကြာဝဠာတခုလုံးအတွက် ဗဟိုဖြစ်သောရည်ရွယ်ချက် တခုတည်းသာရှိရမည်ဖြစ်သလို၊ တခုတည်းသာရှိကြောင်း ကျွန်တော်သည် ရှင်းလင်းလှစွာ သိမြင်ပြီဖြစ်ပါသည်။ အချိန်တိုင်းအတွက်၊ ထာဝရကာလအတွက် ဖြစ်ပါသည်။ ထိုတခုတည်းသောရည်ရွယ်ချက်၊ ရည်မှန်းချက်မှာ ဘုရားသခင်သည် သူ၏ပလ္လင်တော်ပေါ်တွင် ထိုင်နေတော်မူပါသည်၊ အယောက်တိုင်းက အရာတိုင်းက ဟာလေလုယဟု သူ့အားချီးမွမ်းကြပါသည်။

(O Taste and See, Meditation from Psalms, by Gerrit Vos (1894-1968) စာအုပ်မှ ဘာသာပြန်ပါသည်)

+++++++++++++++++++++++++++++++++++++++++

**<u>ကျမ်းစာဘာသာပြန်ကဏ္ဍ</u>**

**သုတ္တံ ၃၀း၁–၃၃ (ဂျိန်းဘုရင်မူ)**

၁ – ဂျာကေ့၏သား အေဂါ၏ စကားများ၊ ပရောဖက်ပြုခြင်းများလည်းဖြစ်သည်၊– ထိုသူက အီသီအဲလ် ထံပြောသည်၊ အီသီအဲလ်နှင့်အူကာလ် တို့ထံပင်ဖြစ်ပါသည်၊

၂ – အမှန်ပင် ငါသည် မည်သူ့ထက်မဆို တိရိစ္ဆာန်ကဲ့သို့သောသူ ဖြစ်ပါသည်၊ လူတဦး၏နားလည်ခြင်းတို့ ငါ့ထံ၌ မရှိပါ။

၃ – ငါသည် ဉာဏ်ပညာကို မသင်ယူသလို၊ သန့်ခြင်းသူ၏အသိပညာလည်း ငါ့ထံ၌ မရှိပါ။

၄ – မည်သူသည် ကောင်းကင်သို့ တက်သွား သနည်း (သို့) ဆင်းလာပါသနည်း? မည်သူသည် မိမိလက်ထဲတွင် လေကို ဆုပ်ထားသနည်း? မည်သူသည် မိမိဝတ်ရုံဖြင့် ရေကို ထုပ်ထားသနည်း? ကမ္ဘာကြီး၏အဆုံးသတ်များကို မည်သူက တည်ထောင်ပါသနည်း? သူ့၏အမည်မှာ အဘယ်နည်း? သူ၏သားသည် မည်သူနည်း? သင် ငါ့ကိုပြောနိုင်ပါသလော?

၅ – ဘုရားသခင့်စကားလုံးတိုင်း သန့်စင်ကြသည်၊– သူသည် သူ့ကို ကိုးစားသောသူမှန်သမျှ၏ ဒိုင်းဖြစ်ပါသည်။

၆ – သူ၏စကားလုံးများသို့ သင် ထပ်မထည့်နှင့်၊ သို့မဟုတ်ပါက သင့်ကို ဆုံးမမည်၊ သင်သည် လိမ်ညာသူ ဖြစ်မည်။

၇ – အကြောင်းအရာနှစ်မျိုးကို အကျွန်ုပ် ကိုယ်တော့်ထံ တောင်းဆိုပါမည်၊ အကျွန်ုပ်မသေမီ ထိုအရာတို့ကိုမရဖို့ ငြင်းပယ်တော်မမူပါနှင့်၊–

၈ – အကျွန်ုပ်ထံမှ အနတ္တဖြစ်ခြင်းနှင့်လိမ်ညာခြင်းများကို ဖယ်ရှားပေးတော်မူပါ၊ အကျွန်ုပ်အား ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းများကို မပေးပါနှင့်၊ အကျွန်ုပ်အတွက် သင့်တော်သောအစာနှင့် ကျွေးတော်မူပါ၊–

၉ – သို့မဟုတ်ပါက၊ အကျွန်ုပ်သည် ဝမ်းဝလျှက်၊ ကိုယ်တော့်ကို ငြင်းပယ်ကာ၊ ဘုရားသခင်သည် မည်သူနည်း?ဟု ပြောလာမည်စိုးရပါသည်၊ (သို့) အကျွန်ုပ်ဆင်းရဲကာ၊ ခိုးတော့မည်၊ အကျွန်ုပ်ဘုရားသခင်၏နာမည်ကို အချည်းနှီးမဲ့သုံးမည် စိုးရပါသည်။

၁၀ – အစေခံကျွန်ကို သူ၏သခင်ထံတွင် မစွပ်စွဲနှင့်၊ မဟုတ်ပါက သူသည် သင့်ကို ကျိန်လိမ့်မည်၊ ထို့နောက် သင့်ကို အပြစ်ရှိသည်ဟု သတ်မှတ်ကြမည်။

၁၁ – မိမိတို့ဖခင်ကို ကျိန်ဆဲကြသော၊ မိမိတို့မိခင်ကို ကောင်းချီးမပေးသော မျိုးနွယ်ဆက်တခု ရှိပါသည်။

၁၂ – မိမိတို့မျက်လုံးများရှေ့တွင် စင်ကြယ်ကြသည်ဟု မိမိတို့ကိုယ်ကို ထင်ကြသော်လည်း၊ မိမိတို့၏ညစ်ညူးခြင်းများကို မဆေးကြောကြသော မျိုးနွယ်ဆက်တခု ရှိပါသည်။

၁၃ – အိုး မြင့်လှသောမျက်လုံးများရှိကြသည့် မျိုးနွယ်ဆက်တခု ရှိပါသည်၊ သူတို့မျက်ခမ်းများသည် မြင့်တင်ထားလျှက် ရှိကြသည်။

၁၄ – သွားများသည် ဓါးများကဲ့သို့ဖြစ်သော၊ မေးရိုးများသည် ဓါးမြှောင်များကဲ့သို့ဖြစ်သော မျိုးနွယ်ဆက်တခု ရှိပါသည်၊ ၎င်းတို့သည် လူသားတို့ကြားမှ ဆင်းရဲသူများ၊ လိုအပ်သူများကို ဝါးမျိုတတ်ကြပါသည်။

၁၅ – မျှော့တွင် သမီးနှစ်ယောက်ရှိသည်၊ ၎င်းတို့က ပေးပါ၊ ပေးပါဟု အော်နေကြသည်။ မည်သည့်အခါတွင်မျှ မတင်းတိမ် မကျေနပ်နိုင်သူ၊ မှန်သည်၊ အကြောင်းအရာလေးမျိုးက လုံလောက်ပြီဟု ဘယ်တော့မှမပြောပါ၊–

၁၆ – ၎င်းတို့မှာ သင်္ချိုင်း၊ မြုံနေသောဝမ်းဗိုက်၊ ရေနှင့်မပြည့်သောမြေကြီး၊ မီး တို့ဖြစ်သည်၊ ၎င်းတို့က လုံလောက်ပြီဟု ဘယ်တော့မှ မပြောကြပါ။

၁၇ – မိမိဖခင်ကို လှောင်ပြောင်သော မျက်လုံး၊ မိမိမခင်ကို နာခံခြင်းအား အထင်သေးသူ၊ တောင်ကြားမှ ကျီးကန်းတို့က ဖေါက်ထုတ်ပစ်လိမ့်မည်၊ ထို့နောက် လင်းယုန်ငယ်များက ၎င်းကို စားကြလိမ့်မည်။

၁၈ – ငါ့အတွက် အံ့သြစရာကောင်းလွန်းသော အကြောင်းအရာသုံးခုရှိပါသည်၊ မှန်ပါသည်၊ ငါမသိသော အရာလေးမျိုးရှိပါသည်၊–

၁၉ – ၄င်းတို့မှာ လေထဲတွင်ပျံနေသည့် လင်းယုန်တကောင်၏ လမ်း၊ ကျောက်တုံးပေါ်သွားနေသော မြွေဆိုးတကောင်၏ သွားရာ လမ်း၊ ပင်လယ်၏အလည်တွင်ရှိနေသော သင်္ဘောတစီး၏သွားရာလမ်း၊ အမျိုးသမီးငယ်နှင့်အတူရှိနေသော လူတဦး၏ သွားရာ လမ်း တို့ဖြစ်ပါသည်။
၂၀ – ဖေါက်ပြန်သောအမျိုးသမီး၏လမ်းသည် ဤသို့ဖြစ်ပါသည်၊– သူမ စားသည်၊ ထို့နောက် သူမ ပါးစပ်ကို သုတ်ပစ်လိုက်သည်၊ ထို့နောက် ငါသည် မည်သည့် ဆိုးညစ်ခြင်းကိုမှ မလုပ်ဟု ပြောပါသည်။
၂၁ – အကြောင်းအရာ သုံးမျိုးအတွက် ကမ္ဘာကြီးသည် ရတက်မအေးနိုင်ပါ၊ ၄င်းတို့အတွက် ကမ္ဘာကြီးက မခံနိုင်သောအရာ လေး မျိုးရှိပါသည်၊–
၂၂ – ၄င်းတို့မှာ အစေခံတဦး အုပ်စိုးသူဖြစ်သောအခါ၊ လူမိုက်တဦး အစားကောင်းစား၍ ဝသောအခါ၊
၂၃ – မသတီစရာအမျိုးသမီး အိမ်ထောင်ကျသောအခါ၊ ကျွန်မတဦး သူမ၏သခင်မနေရာကို အမွေခံရသောအခါ၊ ထိုအရာလေး မျိုးကို ကမ္ဘာကြီးက မခံနိုင်ပါ။
၂၄ – ကမ္ဘာပေါ်တွင် အကြောင်းအရာလေးမျိုးသည် သေးငယ်လှသော်လည်း၊ ၄င်းတို့သည် အလွန့်အလွန် ပညာရှိကြပါသည်၊–
၂၅ – ၄င်းတို့မှာ ပုရွက်ဆိတ်များဖြစ်သည်၊ ၄င်းတို့သည် မသန်မာသောအုပ်စုဖြစ်သည်၊ သို့သော် သူတို့သည် သူတို့အစာကို နွေရာ သီတွင် ပြင်ဆင်ထားကြပါသည်၊
၂၆ – မွေးပွယုန်များသည် ချည့်နဲ့သောအုပ်စုဖြစ်သည်၊ သို့သော် သူတို့သည် သူတို့အိမ်များကို ကျောက်ဆောင်များကြားတွင် ပြု လုပ်ကြပါသည်၊
၂၇ – ကျိုင်းကောင်များသည် ဘုရင် မရှိပါ၊ သို့သော် သူတို့သည် အုပ်စုလိုက် စီတန်းလျှက် ထွက်သွားတတ်ကြသည်၊
၂၈ – ပင့်ကူသည် မိမိ၏လက်များဖြင့် ကိုင်စွဲထားတတ်ပါသည်၊ သူသည် ရှင်ဘုရင်တို့၏ နန်းတော်များထဲတွင် ရှိကြပါသည်။
၂၉ – အရာသုံးမျိုးသည် ကောင်းမွန်စွာသွားတတ်ပါသည်၊ မှန်သည်၊ လေးမျိုးသောအရာတို့သည် ကြော့ရှင်းစွာ သွားကြပါသည်၊–
၃၀ – ခြင်္သေ့သည် သားရဲတို့ကြားတွင် အသန်မာဆုံးဖြစ်သည်၊ မည်သူ့ထံမှ မည်သည့်အခါတွင်မှ ကွေ့ရှောင်သွားလေ့မရှိ၊
၃၁ – အနံ့ခံခွေး၊ ဆိတ်ထီးနှင့်ရှင်ဘုရင် စသည်တို့ကို မည်သူကမျှ မဆန့်ကျင်ရဲပါ။
၃၂ – အကယ်၍သင်သည် မိမိကိုယ်မိမိ ချီးမြှောက်ခြင်းဆိုသော မိုက်မဲမှုကို ပြုခဲ့သည်ဆိုလျှင်၊ (သို့) ဆိုးညစ်ခြင်းကို တွေးမိသည် ဆိုလျှင်၊ သင့်လက်ကို ပါးစပ်ပေါ်တင်ထားပါ။
၃၃ – နို့ကို အပြင်းအထန်လှုပ်ရှားခြင်းက ထောပတ်ကို အသေအချာထွက်လာစေသလို၊ နှာခေါင်းကို ညှစ်ခြင်းက သွေးထွက်စေပါ သည်၊ ထို့အတူ အမျက်ဒေါသကို ထွက်လာစေခြင်းက ရန်ဖြစ်ခြင်းကို ထုတ်လုပ်ပါသည်။

××××××××××××××××××××××

၁တိ ၂း၁–၁၅ (ဂိုဏ်းဘုရင်မှု)
၁ – ထို့ကြောင့် ပထမဆုံးအနေနှင့် သင့်ကို ငါ တိုက်တွန်းပါသည်၊ အသနားခံတောင်းလျှောက်ခြင်းများ၊ ဆုတောင်းခြင်းများ၊ ကြားဝင်တောင်းလျှောက်ပေးခြင်းများ၊ ကျေးဇူးတင်ခြင်းများတို့ကို လူအားလုံးတို့အတွက် ပြုပါ၊–
၂ – ရှင်ဘုရင်များအတွက်၊ ဩဇာအာဏာရှိသူများအားလုံးအတွက် ပြုပါ၊ ထိုသို့ဖြင့် ငါတို့သည် အေးချမ်းသော၊ ငြိမ်းချမ်းသော ဘဝ၌ ဘုရားသခင်အားကြောက်ရွံ့ရိုသေခြင်း၊ ရိုးသားခြင်းအားလုံးတို့နှင့်အသက်ရှင်နိုင်ကြရန် ဦးဆောင်ခြင်းကို ခံကြရမည်ဖြစ် သည်။
၃ – အဘယ့်ကြောင့်ဆိုသော် ထိုသို့ပြုခြင်းသည် ကောင်းမြတ်ပါသည်၊ ငါတို့၏ကယ်တင်ရှင် ဘုရားသခင်၏ရှေ့တော်တွင် လက်ခံ ထိုက်ပါသည်၊–
၄ – သူသည် လူအားလုံး ကယ်တင်ခြင်းရရန် အလိုရှိပါသည်၊ အမှန်တရားအားသိနားလည်ခြင်းသို့ ရောက်ကြရန် အလိုရှိပါသည်။
၅ – အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်တပါးတည်းရှိသည်၊ လူတို့နှင့်ဘုရားသခင်၏အကြားတွင် ကြားဝင်ဖြန်ဖြေပေးသူ တဦး သာရှိသည်၊ လူသားခရစ်တော်ယေရှုဖြစ်သည်၊–
၆ – သူသည် အားလုံးကိုရွေးနှုတ်ရန် မိမိကိုယ်ကို ပေးအပ်ခဲ့သူဖြစ်သည်၊ အချိန်တန်သောအခါ သက်သေခံနိုင်ရန်ဖြစ်သည်။
၇ – ထိုသက်သေခံခြင်းသို့ ငါသည် တရားဟောဆရာနှင့်တမန်တော်အဖြစ်နှင့်၄င်း၊ ယုံကြည်ခြင်းနှင့်အမှန်တရားကို တပါးအမျိုး သားတို့ထံ သင်ပေးသူဆရာအဖြစ်နှင့်၄င်း ခန့်အပ်ခြင်းခံရပါသည်။(ငါသည် ခရစ်တော်၌ အမှန်ကိုပြောပါသည်၊ မလိမ်ပါ)
၈ – ထို့ကြောင့် ယောကျ်ားတို့သည် သန့်ရှင်းသောလက်များကို မြှောက်ထားကာ နေရာတိုင်း၌၊ အမျက်ဒေါသနှင့်သံသယမရှိဘဲ ဆု တောင်းကြဖို့ ငါ အလိုရှိပါသည်။
၉ – ထို့နည်းတူ၊ အမျိုးသမီးတို့သည် မိမိတို့ကိုယ်ကို ရိုးရိုးယဉ်ယဉ် အဝတ်အစားဖြင့် ဆင်မြန်းကြပါမည်၊ ရှက်တတ်ခြင်း၊ ဣန္ဒြေရှိ ခြင်းတို့နှင့်ဖြစ်ပါမည်၊ အကွန့်အညွန့်ပြုထားသောဆံပင်နှင့်မဟုတ်၊ (သို့) ရွှေအားဖြင့်လည်းမဟုတ်၊ (သို့) ပုလဲများဖြင့်မဟုတ်၊ (သို့) တန်ဖိုးကြီးသော အဝတ်အစားများဖြင့် မဟုတ်ပါ၊–
၁၀ – သို့သော် (ဘုရားသခင်အား ကြောက်ရွံ့ရိုသေသောအမျိုးသမီးများ ဖြစ်လာစေသည့်)ကောင်းသော လုပ်ကိုင်ခြင်းများနှင့်ဖြစ်ပါ သည်။
၁၁ – အမျိုးသမီးသည် နာခံခြင်းအားလုံးဖြင့် တိတ်ဆိတ်စွာ သင်ယူပါစေ။

၁၂ – သို့သော ငါသည် အမျိုးသမီးကို သင်ကြားသူဖြစ်ခွင့် မပြုပါ၊ ထို့အတူ လုပ်ပိုင်ခွင့်ကိုလုယူကာ ယောကျ်ားအပေါ် အာဏာပြဖို့ ခွင့်မပြုပါ၊ သို့သော် တိတ်ဆိတ်စွာနေရပါမည်။

၁၃ – အဘယ့်ကြောင့်ဆိုသော် အာဒံကို ပထမဖန်းဆင်းသည်၊ ထို့နောက် ဧဝကို ဖန်ဆင်းပါသည်။

၁၄ ထို့အပြင် အာဒံသည် အလိမ်မခံရပါ၊ သို့သော် အမျိုးသမီးသည် အပြစ်ကျူးလွန်ခြင်း၌ လိမ်ညာခံခဲ့ရပါသည်။

၁၅ – ထိုသို့ဖြစ်ပါသော်လည်း၊ သူမသည် ကလေးမွေးဖွားခြင်းတွင် ကယ်တင်ခံရလိမ့်မည်၊ အကယ်၍ သူတို့သည် ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သန့်ရှင်းခြင်းတို့၌ ဣန္ဒြေရှိခြင်းနှင့် ဆက်လက်အသက်ရှင်ကြလျှင် ဖြစ်သည်။

++++++++++++++++++++++++++++

## သခင်ဘုရား၏နေ့ (၂၈)

၇၅။ သင်သည် သခင်ခရစ်တော် လက်ဝါးကပ်တိုင်ပေါ်၌ ပြည့်စုံစေခဲ့သော တကြိမ်ယဇ်ပူဇော်ခြင်းနှင့် သူ၏အကျိုးကျေးဇူးများအားလုံးကို ပါဝင်ဆက်ဆံသူဖြစ်ကြောင်း သခင်ဘုရား၏ညစာပွဲတော်မင်္ဂလာက မည်သို့သွန်သင်သနည်း၊ သေချာစေပါသနည်း?

ဤသို့ဖြစ်၏။ ကျွန်ုပ်နှင့်ယုံကြည်သူအားလုံးကို သခင်ခရစ်တော်က သူ့အားသတိရအောက်မေ့ဖို့ရာ၊ ထိုချိုးဖဲ့ထားသောမုန့်ကို စားရန်နှင့် ထိုခွက်ကိုသောက်ရန် ဤကတိတော်များကိုထည့်သွင်း၍ မိန့်တော်မူခဲ့ပါသည်။ ပထမအနေနှင့် သခင်ဘုရား၏မုန့်ကို ကျွန်ုပ်အတွက်ချိုးဖဲ့ခြင်း၊ ပွဲတော်ခွက်ကို ကျွန်ုပ်ထံကမ်းပေးခြင်းတို့အား ကျွန်ုပ်မျက်စိနှင့် သေချာစွာမြင်ရသကဲ့သို့ သူ၏ကိုယ်ခန္ဓာ ကို ကျွန်ုပ်အတွက် လက်ဝါးကပ်တိုင်ပေါ်၌ ပူဇော်လျှက် ချိုးဖဲ့၏၊ သူ၏အသွေးကို ကျွန်ုပ်အတွက် သွန်းလောင်း၏ ဆိုသည်ကို သေချာစေ၏။ ထို့အပြင် သခင်ဘုရား၏ မုန့်နှင့်ခွက်ကို သခင်ခရစ်တော်၏ ခန္ဓာနှင့်အသွေးတော်၏ သေချာသောလက္ခဏာအနေနှင့် သင်းအုပ်ဆရာ၏လက်မှ လက်ခံလျှက် ကျွန်ုပ်၏နှုတ်ခမ်းနှင့် ထိတွေ့ကြောင်း သေချာသကဲ့သို့ ကျွန်ုပ်၏ဝိညာဉ်ကို သခင်ခရစ်တော်က ထာဝရအသက်သို့ ကျွေးမွေးလျှက် ဖွံ့ဖြိုးထွားကြိုင်းစေပါသည်။

(မဿဲ ၂၆း၂၆–၂၈၊ မာကု ၁၄း၂၂–၂၄၊ လုကာ ၂၂း၁၉–၂၀၊ ၁ကော ၁၀း၁၆–၁၇၊ ၁၁း၂၃–၂၅)

၇၆။ ထိုသို့ဆိုလျှင် လက်ဝါးကပ်တိုင်၌ အသေခံသော သခင်ခရစ်တော်၏ ကိုယ်ခန္ဓာကို စားခြင်း၊ သွန်းလောင်းသော အသွေးကို သောက်ခြင်းဆိုသည်မှာ အဘယ်နည်း?

သခင်ခရစ်တော်၏ ဝေဒနာခံခြင်းများနှင့်သေခြင်းတို့ကို ယုံကြည်သောနှလုံးသားဖြင့် လက်ခံ၍ အပြစ်လွတ်ခြင်းနှင့်ထာဝရအသက်တို့ကို ရရှိခြင်းမျှသာ မကပါ၊ ၎င်းတို့အပြင် သခင်ခရစ်တော်ထံနှင့် ကျွန်ုပ်တို့ထံတွင် ကျိန်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူ၏သန့်ရှင်းသောခန္ဓာကိုယ်နှင့် ပို၍ပို၍ ညီညွတ်လာခြင်းဖြစ်၏။ ထို့ကြောင့် သခင်ခရစ်တော်သည် ကောင်းကင်ဘုံ၌ရှိလျှက် ကျွန်ုပ်တို့သည် မြေကြီးပေါ်တွင် ရှိနေလင့်ကစား၊ ကျွန်ုပ်တို့သည် "သူ၏အသွေးနှင့်အသား၊ သူ၏ အရိုးခင်စစ်"ဖြစ်လာ၏။ ထိုသို့ဖြင့် ခန္ဓာတခု၏အင်္ဂါများအား ဝိညာဉ်တခုက အုပ်စိုးသကဲ့သို့ ကျွန်ုပ်တို့သည် ဝိညာဉ်တခု၏ ထာဝရ အုပ်စိုးမှုအောက်တွင် အသက်ရှင်သူများဖြစ်ကြ၏။

(ယော ၆း၃၅၊ ၄၀၊ ၄၇–၄၈၊ ၅၀–၅၄။ ယော ၆း၅၅–၅၆၊ တမန် ၃း၂၁၊ ၁း၉–၁၁၊ ၁ကော ၁၁း၂၆၊ ဖေက် ၅း၂၉–၃၂၊ ၁ကော ၆း၁၅၊ ၁၇၊ ၁၉၊ ၁ယော ၃း၂၄၊ ယော ၆း၅၆–၅၈၊ ဖေက် ၄း၁၅–၁၆)

၇၇။ ထိုချိုးဖဲ့ထားသောမုန့်ကိုစား၍၊ ထိုခွက်ကိုသောက်တိုင်း ယုံကြည်သူတို့ကို သူ၏အသားတော်နှင့်အသွေးတော်ဖြင့် သခင်ခရစ်တော်က အမှန်တကယ်ပင် ကျွေးမွေး၊ ဖွံ့ဖြိုးထွားကြိုင်းစေမည်ဟု မည်သည့်နေရာတွင် ကတိပေးခဲ့ပါသနည်း?

ပွဲတော်မင်္ဂလာကို ခန့်အပ်စဉ်ကဖြစ်၏။ ဤသို့ပြောထားပါသည်၊ "သခင်ယေရှုသည်ရန် သူလက်သို့အပ်နှံခံသော နေ့ညမှာ မုန့်ကိုယူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား သင်တို့အဖို့အလို့ငှာ ချိုးဖဲ့သော ငါ၏ကိုယ်ဖြစ်၏။ ယူ၍စားကြလော့၊ ငါ့ကိုအောက်မေ့ဖို့ရာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။ ထိုနည်းတူ ညစာစားပြီးမှ ခွက်ကိုလည်းယူ၍ ဤခွက်ကား ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏။ ဤခွက်ကိုသောက်သောအခါခါ ငါ့ကိုအောက်မေ့ဖို့ရာ သောက်ကြလော့ဟု မိန့်တော်မူ၏။ အကြောင်းမူကား၊ သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကို သောက်သောအခါခါ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမှီတိုင်အောင် ပြကြ၏။"

ထိုကတိတော်ကို သန့်ရှင်းသောတမန်တော်ရှင်ပေါလုက ထပ်မံ၍ဖေါ်ပြခဲ့သည်၊ "ငါတို့သည် ကျေးဇူးတော် ချီးမွမ်းရာ မင်္ဂလာခွက်ဖလားမူကား ခရစ်တော်၏အသွေးတော်ကို ဆက်ဆံခြင်း မဟုတ်လော။ ငါတို့ဖဲ့သောမုန့်ကား ခရစ်တော်ကို ဆက်ဆံခြင်းဖြစ်သည် မဟုတ်လော။ မုန့်တလုံးတည်းရှိသည်ဖြစ်၍ ငါတို့ရှိသမျှသည် တလုံးတည်းသော ထိုမုန့်ကို ဆက်ဆံလျှက် ခံယူကြသောကြောင့် အများဖြစ်သောငါတို့သည် တလုံးတကိုယ်တည်းဖြစ်ကြ၏။"

(၁ကော ၁၁း၂၃၊ မဿဲ ၂၆း၂၆၊ မာကု ၁၄း၂၄၊ လုကာ ၂၂း၁၉၊ ထွက် ၂၄း၈၊ ဟေဗြဲ ၉း၂၀၊ ထွက် ၁၃း၉၊ ၁ကော ၁၁း၂၆၊ ၁၀း၁၆–၁၇)